# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်

# ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ

၂၀၁၉ ခုနှစ် ၊ စက်တင်ဘာလ

၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ

(၂၀၁၉ ခုနှစ် ၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂ ။)

၁၃၈၁ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ် ၊ စက်တင်ဘာ လ ၁၉ ရက်)

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ မှ | စာမျက်နှာ ထိ |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | အခန်း(၁) အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ် ဖော်ပြချက် | ၁ | ၃ |
| ၂ | အခန်း(၂) စီမံကိန်းရည်မှန်းချက်များ | ၃ | ၅ |
| ၃ | အခန်း(၃) အထွေထွေ | ၅ | ၆ |

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ

## (၂၀၁၉ ခုနှစ် ၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂ ။ )

## ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်

## ( ၂၀၁၉ ခုနှစ် ၊ စက်တင်ဘာ လ ၁၉ ရက် )

## နိဒါန်း

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ(၁၂)ရပ် နှင့် ရှမ်းပြည်နယ်၏ရည်မှန်းချက်များဖြစ်သော ပြည်နယ်အတွင်း စားနပ်ရိက္ခာဖူလုံပိုလျှံစေရေးနှင့် စိုက်ပျိုးရေးအခြေခံသော စက်မှုလုပ်ငန်းများ ဘက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်နယ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်သည့် အခြေခံအဆောက်အအုံလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန်၊ အလုပ်အကိုင် အခွင့်အလမ်းမြင့်မားသောစီးပွားရေးလုပ်ငန်းများနှင့်စီးပွားရေးတိုးတက်မှုကိုအထောက်အကူပြုသည့်အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကိုပံ့ပိုးကူညီရန်၊ပြည်နယ်အတွင်း လူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့်လူမှုစီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်စေရန်၊ သဘာဝပတ်ဝန်းကျင်ကိုအခြေခံသော ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းဖြင့်ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်နယ်အတွင်းပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိလုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကိုလွတ်လပ်စွာ လုပ်ကိုင်ခွင့်ရရှိစေရန်နှင့်ပြည်ပရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်စေရန်တို့ကိုအကောင်အထည်ဖော်နိုင်ရန် အလို့ငှာရှမ်းပြည်နယ်လွှတ်တော်သည်ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်၊စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် ၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အတွက် ၂၀၁၉ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့မှစတင်၍ ရှမ်းပြည်နယ်တစ်ဝန်းလုံးတွင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အတွက် ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ ဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဒေသန္တရစီမံကိန်း** ဆိုသည်မှာ ရှမ်းပြည်နယ်၏ လူမှုစီးပွားရေးတစ်ရပ်လုံး အတွက် ဖြစ်စေ၊ ပြည်နယ်အဆင့်ဌာန/ ကဏ္ဍအလိုက်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း နှင့် ဒေသ အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ၏ ရည်မှန်းချက်များ နှင့် လုပ်ငန်း အစီအစဉ်များဖြစ်သည်။ဒေသန္တရစီမံကိန်းများ၌ကဏ္ဍအလိုက်ဖြစ်စေ၊ဒေသအလိုက် ဖြစ်စေ၊ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေး နည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးစီမံကိန်း၊မြို့ပြဖွံ့ဖြိုးတိုးတက်ရေး နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများဘက်စုံဆက် စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း ရှမ်းပြည်နယ်၏ စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း နှင့် ဒေသ အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ဘဏ္ဍာနှစ်** ဆိုသည်မှာ အောက်တိုဘာလ(၁)ရက်နေ့ မှ စက်တင်ဘာလ(၃၀) ရက် နေ့အထိ ကာလဖြစ်ပါသည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု နှင့် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းဖြစ်သည်။

(ဃ) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်နယ်အဆင့်ဌာန နှင့် အဖွဲ့အစည်းများ ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း နှင့် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

## အခန်း(၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ၏ အရေးကြီးသည့် စီမံကိန်း ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP)ကို ပုံမှန်ဈေးနှုန်းအရ ၅.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် ၀.၆ ရာခိုင်နှုန်းတိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၅.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၁၉.၇ ရာခိုင်နှုန်းလျော့နည်းရန်၊

(၄) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၃.၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) စက်မှုလက်မှုကဏ္ဍတွင် ၆.၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(၆) လျှပ်စစ်ဓါတ်အားကဏ္ဍတွင် ၇.၃ ရာခိုင်နှုန်းတိုးတက်ရန်၊

(၇) ဆောက်လုပ်မှုကဏ္ဍတွင် ၁၀.၃ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) ပို့ဆောင်ရေးကဏ္ဍတွင် ၇.၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၉) ဆက်သွယ်ရေးကဏ္ဍတွင် ၇.၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၀) ငွေရေးကြေးရေးကဏ္ဍတွင် ၇.၆ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၁) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၃.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၂) ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၁.၆ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၃) ကုန်သွယ်မှုကဏ္ဍတွင် ၇.၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသအလိုက် တိုးတက်မှုနှုန်းများမှာပုံမှန်ဈေးနှုန်းအရ-

(၁) "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် ၅.၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၂) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၂.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၃) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၂.၄ ရာခိုင်နှုန်းတိုးတက်ရန်၊

(၄) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၁.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၄.၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဃ) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၂.၆ ရာခိုင်နှုန်း မှ ၃၀.၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှု ကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၄.၅ ရာခိုင်နှုန်း မှ ၂၅.၄ ရာခိုင်နှုန်းသို့လည်းကောင်း ၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၂.၉ ရာခိုင်နှုန်းမှ ၄၄.၁ ရာခိုင်နှုန်း သို့လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(င) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် ပုံမှန်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၁.၆ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၇.၈ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၈.၀ ရာခိုင်နှုန်းသို့ အသီးသီးဖြစ်ပေါ်စေရန်၊

(စ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) မှာ နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁,၀၄၅,၄၇၀ ကျပ်သို့ ဖြစ်ပေါ်စေရန်၊

(ဆ) ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် **၁၈၈,၁၄၅.၅၄၂**သန်း ( ကျပ်ဘီလီယံ **၁၈၈.၁၄၆** ) ရင်းနှီးမြှုပ်နှံရန်၊

## အခန်း(၃)

## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ပူးတွဲ (၁) ၊ (၂) ၊ (၃) ၊ (၄) ၊ (၅) ၊ (၆) တို့တွင် ဖော်ပြထားသော ဒေသန္တရစီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲ ဆောင်ရွက် နိုင်သည်။

၆။ ရှမ်းပြည်နယ်၏ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း ၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊စီမံကိန်းရေးဆွဲရေးဦးစီးဌာနအပါအဝင် သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝပူးပေါင်းဆောင် ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန်ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကိုတည်ဆဲ ဥပဒေ ၊နည်းဥပဒေ ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက် ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အတွက် ဒေသန္တရစီမံကိန်းရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသည့် ဆောင်ရွက်မည့် လုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်တည်ဆဲဥပဒေ၊နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊အမိန့်ညွှန်ကြားချက်၊လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်။

၉။ ရှမ်းပြည်နယ်အစိုးရအဖွဲ့သည်ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့် သက်ဆိုင်သည့် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် စီစဉ်မှုများ ချမှတ်ကျင့်သုံးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာလင်းထွဋ်

ဝန်ကြီးချုပ်

ရှမ်းပြည်နယ်အစိုးရအဖွဲ့

ပူးတွဲ(၁)

# ရှမ်းပြည်နယ်၏
# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအတွက်
# ကဏ္ဍကြီးများအလိုက်စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး
# (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၁၆၈၈၈၃၉.၅** | **၃၂.၅** | **၁၇၁၅၇၂၅.၁** | **၃၁.၁** | **၁.၆** |
| | ၁ | လယ်ယာ | ၁၂၆၅၀၀၁.၈ | ၂၄.၃ | ၁၂၇၂၅၅၉.၁ | ၂၃.၁ | ၀.၆ |
| | ၂ | သားငါး | ၄၁၆၂၃၁.၄ | ၈.၀ | ၄၃၇၀၅၈.၉ | ၇.၉ | ၅.၀ |
| | ၃ | သစ်တော | ၇၆၀၆.၃ | ၀.၂ | ၆၁၀၇.၁ | ၀.၁ | -၁၉.၇ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၁၂၆၉၈၈၀.၁** | **၂၄.၄** | **၁၃၆၉၄၁၂.၅** | **၂၄.၉** | **၇.၈** |
| | ၁ | စွမ်းအင် | | | | | |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၄၃၃၀၇.၂ | ၂.၇ | ၁၄၈၃၆၇.၉ | ၂.၇ | ၃.၅ |
| | ၃ | စက်မှုလက်မှု | ၅၄၁၆၀၄.၄ | ၁၀.၄ | ၅၇၈၂၁၁.၁ | ၁၀.၅ | ၆.၈ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၈၆၉၃၈.၃ | ၁.၇ | ၉၃၃၁၆.၆ | ၁.၇ | ၇.၃ |
| | ၅ | ဆောက်လုပ်မှု | ၄၉၈၀၃၀.၂ | ၉.၆ | ၅၄၉၅၁၆.၉ | ၁၀.၀ | ၁၀.၃ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၂၄၃၈၄၁.၅** | **၄၃.၁** | **၂၄၂၄၄၄၆.၁** | **၄၄.၀** | **၈.၀** |
| | ၁ | ပို့ဆောင်ရေး | ၄၀၈၀၉၄.၃ | ၇.၈ | ၄၃၇၂၂၆.၇ | ၇.၉ | ၇.၁ |
| | ၂ | ဆက်သွယ်ရေး | ၁၆၁၁၅၂.၀ | ၃.၁ | ၁၇၃၆၂၁.၂ | ၃.၂ | ၇.၇ |
| | ၃ | ငွေရေးကြေးရေး | ၁၄၇၆၉.၆ | ၀.၃ | ၁၅၈၉၀.၀ | ၀.၃ | ၇.၆ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၇၇၈၄၃.၉ | ၃.၄ | ၁၈၃၂၂၇.၀ | ၃.၃ | ၃.၀ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆော | ၄၄၂၀၀၈.၃ | ၈.၅ | ၄၉၃၄၀၆.၀ | ၉.၀ | ၁၁.၆ |
| | ၆ | ကုန်သွယ်မှု | ၁၀၃၉၉၇၃.၄ | ၂၀.၀ | ၁၁၂၀၀၇၅.၂ | ၂၀.၃ | ၇.၈ |
| ၄ | | စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) | ၅၂၀၂၅၆၁.၁ | ၁၀၀.၀ | ၅၅၀၉၅၈၃.၇ | ၁၀၀.၀ | ၅.၉ |

ပူးတွဲ(၂)

## ရှမ်းပြည်နယ်၏
## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအတွက်
## ကဏ္ဍအလိုက်စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး
## (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ၊ ပုံမှန်စျေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၂၉၅၈၇၁၉.၆** | **၅၆.၉** | **၃၀၈၅၁၃၇.၆** | **၅၆.၀** | **၄.၃** |
| | ၁ | လယ်ယာ | ၁၂၆၅၀၀၁.၈ | ၂၄.၃ | ၁၂၇၂၅၅၉.၁ | ၂၃.၁ | ၀.၆ |
| | ၂ | သားငါး | ၄၁၆၂၃၁.၄ | ၈.၀ | ၄၃၇၀၅၈.၉ | ၇.၉ | ၅.၀ |
| | ၃ | သစ်တော | ၇၆၀၆.၃ | ၀.၂ | ၆၁၀၇.၁ | ၀.၁ | -၁၉.၇ |
| | ၄ | စွမ်းအင် | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၄၃၃၀၇.၂ | ၂.၇ | ၁၄၈၃၆၇.၉ | ၂.၇ | ၃.၅ |
| | ၆ | စက်မှုလက်မှု | ၅၄၁၆၀၄.၄ | ၁၀.၄ | ၅၇၈၂၁၁.၁ | ၁၀.၅ | ၆.၈ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၈၆၉၃၈.၃ | ၁.၇ | ၉၃၃၁၆.၆ | ၁.၇ | ၇.၃ |
| | ၈ | ဆောက်လုပ်မှု | ၄၉၈၀၃၀.၂ | ၉.၆ | ၅၄၉၅၁၆.၉ | ၁၀.၀ | ၁၀.၃ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၂၀၃၈၆၈.၁** | **၂၃.၁** | **၁၃၀၃၃၇၀.၉** | **၂၃.၇** | **၈.၃** |
| | ၁ | ပို့ဆောင်ရေး | ၄၀၈၀၉၄.၃ | ၇.၈ | ၄၃၇၂၂၆.၇ | ၇.၉ | ၇.၁ |
| | ၂ | ဆက်သွယ်ရေး | ၁၆၁၁၅၂.၀ | ၃.၁ | ၁၇၃၆၂၁.၂ | ၃.၂ | ၇.၇ |
| | ၃ | ငွေရေးကြေးရေး | ၁၄၇၆၉.၆ | ၀.၃ | ၁၅၈၉၀.၀ | ၀.၃ | ၇.၆ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၇၇၈၄၃.၉ | ၃.၄ | ၁၈၃၂၂၇.၀ | ၃.၃ | ၃.၀ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆော | ၄၄၂၀၀၈.၃ | ၈.၅ | ၄၉၃၄၀၆.၀ | ၉.၀ | ၁၁.၆ |
| ၃ | | **ကုန်သွယ်မှု** | **၁၀၃၉၉၇၃.၄** | **၂၀.၀** | **၁၁၂၀၀၇၅.၂** | **၂၀.၃** | **၇.၈** |
| ၄ | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၅၂၀၂၅၆၁.၁** | **၁၀၀.၀** | **၅၅၀၉၅၈၃.၇** | **၁၀၀.၀** | **၅.၉** |

ပူးတွဲ(၃)

## ရှမ်းပြည်နယ်၏
## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအတွက်
## ကဏ္ဍကြီးများအလိုက်စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး
## (နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | လယ်ယာကဏ္ဍကြီး | ၁၉၇၅၀၃၈.၅ | ၃၂.၆ | ၂၀၄၅၁၃၄.၄ | ၃၀.၅ | ၃.၆ |
| | ၁ | လယ်ယာ | ၁၄၇၄၅၀၇.၃ | ၂၄.၃ | ၁၅၀၂၃၃၈.၇ | ၂၂.၄ | ၁.၉ |
| | ၂ | သားငါး | ၄၉၁၇၁၁.၉ | ၈.၁ | ၅၃၆၁၁၉.၃ | ၈.၀ | ၉.၀ |
| | ၃ | သစ်တော | ၈၈၁၉.၃ | ၀.၂ | ၇၀၅၆.၄ | ၀.၁ | -၂၀.၀ |
| ၂ | | စက်မှုကဏ္ဍကြီး | ၁၄၈၉၂၀၆.၅ | ၂၄.၅ | ၁၇၀၈၇၁၉.၃ | ၂၅.၄ | ၁၄.၇ |
| | ၁ | စွမ်းအင် | | | | | |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၅၈၆၈၅.၅ | ၂.၆ | ၁၇၁၆၃၀.၀ | ၂.၅ | ၈.၂ |
| | ၃ | စက်မှုလက်မှု | ၆၃၄၂၅၁.၉ | ၁၀.၄ | ၇၀၄၄၁၅.၉ | ၁၀.၅ | ၁၁.၁ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၈၉၈၆၃.၂ | ၁.၅ | ၁၁၈၄၃၅.၅ | ၁.၈ | ၃၁.၈ |
| | ၅ | ဆောက်လုပ်မှု | ၆၀၆၄၀၅.၉ | ၁၀.၀ | ၇၁၄၂၃၇.၉ | ၁၀.၆ | ၁၇.၈ |
| ၃ | | ဝန်ဆောင်မှုကဏ္ဍကြီး | ၂၆၀၁၈၅၁.၇ | ၄၂.၉ | ၂၉၆၆၀၅၅.၈ | ၄၄.၁ | ၁၄.၀ |
| | ၁ | ပို့ဆောင်ရေး | ၄၃၆၇၄၇.၆ | ၇.၂ | ၄၉၀၈၇၄.၀ | ၇.၃ | ၁၂.၄ |
| | ၂ | ဆက်သွယ်ရေး | ၁၅၈၀၆၇.၆ | ၂.၆ | ၁၇၀၀၁၀.၃ | ၂.၅ | ၇.၆ |
| | ၃ | ငွေရေးကြေးရေး | ၁၄၇၆၉.၆ | ၀.၂ | ၁၅၈၉၀.၀ | ၀.၂ | ၇.၆ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၉၂၇၅၀.၈ | ၃.၂ | ၂၀၁၉၆၄.၅ | ၃.၀ | ၄.၈ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင် | ၅၄၀၁၁၄.၄ | ၈.၉ | ၆၄၃၅၃၉.၆ | ၉.၆ | ၁၉.၁ |
| | ၆ | ကုန်သွယ်မှု | ၁၂၅၉၄၀၁.၇ | ၂၀.၈ | ၁၄၄၃၇၇၇.၄ | ၂၁.၅ | ၁၄.၆ |
| ၄ | | စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) | ၆၀၆၆၀၉၆.၇ | ၁၀၀.၀ | ၆၇၂၀၂၈၉.၅ | ၁၀၀.၀ | ၁၀.၈ |

ပူးတွဲ(၄)

# ရှမ်းပြည်နယ်၏
## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအတွက်
## ကဏ္ဍအလိုက်စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး
## (နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | ထုတ်လုပ်မှုတန်ဖိုး | ၃၄၆၄၂၄၅.၀ | ၅၇.၁ | ၃၇၅၄၂၃၃.၇ | ၅၅.၉ | ၈.၄ |
| | ၁ | လယ်ယာ | ၁၄၇၄၅၀၇.၃ | ၂၄.၃ | ၁၅၀၂၃၃၈.၇ | ၂၂.၄ | ၁.၉ |
| | ၂ | သားငါး | ၄၉၁၇၁၁.၉ | ၈.၁ | ၅၃၆၁၁၉.၃ | ၈.၀ | ၉.၀ |
| | ၃ | သစ်တော | ၈၈၁၉.၃ | ၀.၂ | ၇၀၅၆.၄ | ၀.၁ | -၂၀.၀ |
| | ၄ | စွမ်းအင် | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၅၈၆၈၅.၅ | ၂.၆ | ၁၇၁၆၃၀.၀ | ၂.၅ | ၈.၂ |
| | ၆ | စက်မှုလက်မှု | ၆၃၄၂၅၁.၉ | ၁၀.၄ | ၇၀၄၄၁၅.၉ | ၁၀.၅ | ၁၁.၁ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၈၉၈၆၃.၂ | ၁.၅ | ၁၁၈၄၃၅.၅ | ၁.၈ | ၃၁.၈ |
| | ၈ | ဆောက်လုပ်မှု | ၆၀၆၄၀၅.၉ | ၁၀.၀ | ၇၁၄၂၃၇.၉ | ၁၀.၆ | ၁၇.၈ |
| ၂ | | ဝန်ဆောင်မှုတန်ဖိုး | ၁၃၄၂၄၅၀.၀ | ၂၂.၁ | ၁၅၂၂၂၇၈.၄ | ၂၂.၆ | ၁၃.၄ |
| | ၁ | ပို့ဆောင်ရေး | ၄၃၆၇၄၇.၆ | ၇.၂ | ၄၉၀၈၇၄.၀ | ၇.၃ | ၁၂.၄ |
| | ၂ | ဆက်သွယ်ရေး | ၁၅၈၀၆၇.၆ | ၂.၆ | ၁၇၀၀၁၀.၃ | ၂.၅ | ၇.၆ |
| | ၃ | ငွေရေးကြေးရေး | ၁၄၇၆၉.၆ | ၀.၂ | ၁၅၈၉၀.၀ | ၀.၂ | ၇.၆ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၉၂၇၅၀.၈ | ၃.၂ | ၂၀၁၉၆၄.၅ | ၃.၀ | ၄.၈ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင် | ၅၄၀၁၁၄.၄ | ၈.၉ | ၆၄၃၅၃၉.၆ | ၉.၆ | ၁၉.၁ |
| ၃ | | ကုန်သွယ်မှု | ၁၂၅၉၄၀၁.၇ | ၂၀.၈ | ၁၄၄၃၇၇၇.၄ | ၂၁.၅ | ၁၄.၆ |
| ၄ | | စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) | ၆၀၆၆၀၉၆.၇ | ၁၀၀.၀ | ၆၇၂၀၂၈၉.၅ | ၁၀၀.၀ | ၁၀.၈ |

ပူးတွဲ(၅)

## ရှမ်းပြည်နယ်၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများ၏
## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းရည်မှန်းချက်
## စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး
## (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း | ၂၈၉၂၅၆.၀ | ၅.၆ | ၃၀၃၈၈၃.၆ | ၅.၅ | ၅.၁ |
| ၂ | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၂၉၇၅၈၉.၅ | ၅.၇ | ၃၀၆၃၆၈.၃ | ၅.၆ | ၂.၉ |
| ၃ | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၁၆၀၂၁၃.၆ | ၃.၁ | ၁၆၄၁၂၁.၆ | ၃.၀ | ၂.၄ |
| ၄ | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၇၄၈၁၃.၀ | ၁.၄ | ၇၅၇၁၆.၁ | ၁.၄ | ၁.၂ |
| ၅ | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၈၄၄၄၁.၃ | ၁.၆ | ၈၇၈၇၆.၇ | ၁.၆ | ၄.၁ |

ပူးတွဲ(၆)

# ရှမ်းပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ရည်မှန်းချက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း | ၃၂၄၉၉၅.၃ | ၅.၄ | ၃၅၂၉၀၉.၂ | ၅.၃ | ၈.၆ |
| ၂ | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၃၉၉၄၄၆.၀ | ၆.၆ | ၄၂၀၂၁၆.၀ | ၆.၃ | ၅.၂ |
| ၃ | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၁၉၄၆၅၆.၃ | ၃.၂ | ၂၀၄၇၁၆.၄ | ၃.၀ | ၅.၁ |
| ၄ | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၈၇၉၀၇.၃ | ၁.၄ | ၉၂၄၉၀.၈ | ၁.၄ | ၅.၂ |
| ၅ | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၉၅၁၅၀.၈ | ၁.၆ | ၁၀၂၃၈၈.၆ | ၁.၅ | ၇.၆ |